## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်။
(၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၂ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေကိုပြင်သည့် ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ဂ၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤပြင်ဆင်ချက်ဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤပြင်ဆင်ချက်ဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေတွင်——

(၁) ပုဒ်မ ၁၄ ၏ ပုဒ်မခွဲ (၂) (၃) နှင့် (၄) ကို ပယ်ဖျက်ရမည်။

(၂) ပုဒ်မ ၁၅ ၏ ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၃။ ။(၁) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာမတည်မီ၊ ဒေသပြည်သူ့တရားရုံး၌ စွဲဆိုခြင်းမပြုရသေးသော အဆိုပါဥပဒေအရ ကျူးလွန်ခဲ့သည့်ပြစ်မှုများကို၊ သက်ဆိုင်ရာပြည်သူ့တရားရုံးကဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်အရအခါအားလျော်စွာဖွဲ့စည်းသောတရားရုံးကဖြစ်စေ စစ်ဆေးစီရင်ရမည်။

(၂) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာမတည်မီ၊ ဒေသပြည်သူ့တရားရုံးကချမှတ်ထားသည့် ဆုံးဖြတ်ချက်များကို အဆိုပါဥပဒေအရ အယူခံအဖွဲ့သို့ မတင်သွင်းရသေးလျှင်၊ သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ်တိုင်းပြည်သူ့တရားရုံးသို့ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်အရ အခါအားလျော်စွာ ဖွဲ့စည်းသော တရားရုံးသို့ဖြစ်စေ အယူခံဝင်နိုင်သည်။

၄။ ။(၁) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာမတည်မီက အဆိုပါဥပဒေ၏ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂) အရဖွဲ့စည်းထားသော ဒေသပြည်သူ့တရားရုံးအသီးသီးတွင် မပြီးပြတ်ဘဲကျန်ရှိသေးသောမှုခင်းများကို အခြားတရားရုံးသို့ အစီးရကလွှဲပြောင်းပေးခြင်းမပြုသမျှ၊ အဆိုပါစစ်ဆေးဆဲ ဒေသပြည်သူ့တရားရုံးအသီးသီးကပင် ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

(၂) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာမတည်မီက အဆိုပါဥပဒေ၏ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ ဖွဲ့စည်းထားသည့် အယူခံအဖွဲ့အသီးသီးတွင် မပြီးပြတ်ဘဲကျန်ရှိသေးသော အယူခံမှုများကို အခြားတရားရုံးသို့ အစိုးရကလွှဲပြောင်းပေးခြင်းမပြုသမျှ၊ အဆိုပါစစ်ဆေးဆဲအယူခံအဖွဲ့ကပင် ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့်မှုခင်းများ၌ ချမှတ်သောဆုံးဖြတ်ချက်များသည် မြို့နယ်ပြည်သူ့တရားရုံး၏ ဆုံးဖြတ်ချက်များ ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ (၂) တွင် ဖော်ပြထားသည့် မှုခင်းများ၌ ချမှတ်သော ဆုံးဖြတ်ချက်များသည် ပြည်နယ်၊ သို့မဟုတ်၊ တိုင်းပြည်သူ့တရားရုံး၏ ဆုံးဖြတ်ချက်များ ဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်။

၅။ ။(၁) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍၊ အဆိုပါ ဥပဒေအရ ကျူးလွန်သောပြစ်မှုများကို၊ သက်ဆိုင်ရာ ပြည်သူ့တရားရုံးကဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်အရ အခါအားလျော်စွာဖွဲ့စည်းထားသော တရားရုံးကဖြစ်စေ စစ်ဆေးစီရင်ရမည်။

(၂) ဤပြင်ဆင်ချက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြပါတရားရုံးများကချမှတ်သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ်၊ တိုင်းပြည်သူ့တရားရုံးသို့ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်အရ အယူခံဝင်နိုင်သည်။

၆။ ။ဤပြင်ဆင်ချက်ဥပဒေစတင်အာဏာတည်သည့်နေ့တွင် အထူးရာဇဝတ်ရုံးအသီးသီးက စစ်ဆေးဆဲဖြစ်သော၊ အဆိုပါဥပဒေအရစွဲဆိုထားသည့် မှုခင်းများကို ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေ၏ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁) အရ၊ အခြား အထူးရာဇဝတ်ရုံးသို့ဖြစ်စေ၊ အခြားတရားရုံးသို့ဖြစ်စေ လွှဲပြောင်းပေးခြင်း မပြုသမျှ အဆိုပါစစ်ဆေးဆဲ အထူးရာဇဝတ်ရုံးအသီးသီးကပင် ဆက်လက်စစ်ဆေး ဆုံးဖြတ်ရမည်။

(ပုံ) ဦးနေဝင်း

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်။

(၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊

ဗုဘိုယမိုလ်မှူးကြီး မြဲကျော်၊

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံ ဘောဉ်လှန်ရေးကောင်စီ။

ပ၊စ၊လ/၂၂၄၀/၇၉/ပြည်သူ့လွှတ်တော်ရုံး/၅၀၀၀/အုပ်/တိုက်ခွဲ (၄)။